ပြန်ကြား-၁၀၈၁၀

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

စာအမှတ်၊ ၁၁/၁၄၇(၀၃/၀၆/၁၀၇)
ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ဇူလိုင်လ ၂၄ ရက်

သို့

ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

အကြောင်းအရာ။ **ဟောင်ကောင် အင်ဂျင်နီယာလုပ်ငန်း ဝန်ဆောင်မှု အကြောင်း ပြုစုတင်ပြခြင်းကိစ္စ**

ရည်ညွှန်းချက်။ နိုင်ငံတော်သမ္မတရုံး၏ ၁၂-၃-၁၃ ရက် ရက်စွဲပါ စာအမှတ် ၁၀၀(၅)/၇/သမ္မတရုံး၊ စာပုဒ်(၃-င)

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဟောင်ကောင်အင်ဂျင်နီယာလုပ်ငန်းဝန်ဆောင်မှု အကြောင်းအား ပြုစု၍ တင်ပြအပ်ပါသည်။

ကောင်စစ်ဝန်ချုပ်(ကိုယ်စား)
(ခင်ဆွေလတ်၊စီးပွားရေးသံမှူး)

မိတ္တူ

- ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၃)
- ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၅)
- ညွှန်ကြားရေးမှူးချုပ်၊အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
- ရုံးလက်ခံ

## ဟောင်ကောင် အင်ဂျင်နီယာလုပ်ငန်း ဝန်ဆောင်မှု

### လုပ်ငန်းသဘာဝ

ဟောင်ကောင်အင်ဂျင်နီယာများသည်ဒေသတွင်းအထူးသဖြင့် တရုတ်နိုင်ငံသို့ ၎င်းတို့၏ဝန်ဆောင်မှုများကို တင်ပို့မှုတွင် အထူးအားသန်ကြပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် တင်ပို့သည့် ဝန်ဆောင်မှုများတွင် စီမံချက်များကိုစီခံခန့်ခွဲမှု၊ အဆောက်အဦးဆိုင်ရာလုပ်ငန်းဝန်ဆောင်မှုနှင့် အင်ဂျင်နီယာလုပ်ငန်းအကြံပေးမှု တို့ဖြစ်ကြပါသည်။အထူးသဖြင့်အင်ဂျင်နီယာလုပ်ငန်းပါနေသည့်အဆင့်မြင့်စက်ပစ္စည်းများနှင့်ကုန်ပစ္စည်း များကိုတင်ပို့မှု၌ဆောက်လုပ်ရေးမဟုတ်သည့် အခြားအင်ဂျင်နီယာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများသည် သွယ်ဝိုက်၍ ပါဝင်နေပါသည်။

၂၀၁၃ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ဟောင်ကောင်၏ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို အများဆုံးအသုံးပြုသည့် ကဏ္ဍဖြစ်ပါသည်။ ဟောင်ကောင် အင်ဂျင်နီယာ တက္ကသိုလ် Hong Kong Institution of Engineers (HKIE) ၌ ၂၀၁၄ ခုနှစ် မတ်လတွင် ဘွဲ့ရသူပေါင်း ၁၄၀၅၂ ဦးရှိကြောင်း၊ သင်ကြားသည့်ပညာရပ်များမှာ-အဆောက်အဦးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှု၊ ဗိသုကာပညာ၊ အသုံးပြုသည့် ပစ္စည်း၊ စက်မှုနှင့် structural ၊ မြို့ပြ နှင့် automation & instrumentation၊ geotechnical၊ electrical, electronics၊ environmental, manufacturing & industrial, marine & naval, biomedical နှင့် chemical ဘာသာရပ်များ သင်ကြားပေးကြောင်း သိရပါသည်။ ဟောင်ကောင်မှ အင်ဂျင်နီယာ ဘွဲ့ရသူများအား ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အင်္ဂလန် ၊ အမေရိကန် ပြည်ထောင်စု၊ တရုတ်နိုင်ငံ၊တောင်အာဖရိကနိုင်ငံတို့မှအသိအမှတ်ပြုပါသည်။ပြည်တွင်းရှိအတွေ့အကြုံရှိသည့်အင်ဂျင်နီယာများသည်အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုထားသည့်အင်ဂျင်နီယာအရည်အသွေးရှိသည့်လက်မှတ်များကိုင်ဆောင်ထားပါသည်။

### လုပ်ငန်း အချက်အလက်များ

၂၀၁၄ ခုနှစ်၊ဒီဇင်ဘာတွင်ထုတ်ပြန်သည့် ဆောက်လုပ်ရေး၊ အိမ် ခြံ မြေနှင့်မသက်ဆိုင်သည့် အင်ဂျင်နီယာ၊ နည်းပညာနှင့်အကြံပေးဝန်ဆောင်မှုလုပ်ငန်းပေါင်း၅၇၄ခုရှိပြီးအလုပ်လုပ်ကိုင်သူပေါင်း၂၃၁၃ ဦးရှိကြောင်း ဟောင်ကောင်စာရင်းအင်းဌာန ထုတ်ပြန်ချက်အရ သိရပါသည်။ ဝန်ဆောင်မှုတင်ပို့မှုထဲတွင် ၂၀၁၃ ခုနှစ် စာရင်းအရ ဗိသုကာ၊ အင်ဂျင်နီယာ၊ သိပ္ပံ နှင့်အခြား နည်းပညာ ဝန်ဆောင်မှု တင်ပို့မှုသည် ဟောင်ကောင် ဒေါ်လာဖြင့် ၃၈၁၅ သန်း၊ စုစုပေါင်း ဝန်ဆောင်မှု တင်ပို့မှု၏ ၃.၈%ရှိပြီး၂၀၁၂ ခုနှစ်ထက် ၃.၃% တင်ပို့မှုကျဆင်းကြောင်းတွေ့ရပါသည်။ တင်သွင်းမှုတွင် ဟောင်ကောင်ဒေါ်လာဖြင့် ၂၅၉၃ သန်း၊ စုစုပေါင်း ဝန်ဆောင်မှုတင်သွင်းမှု၏ ၃.၀% ရှိကြောင်း၊ ၂၀၁၂ခုနှစ်ထက် ၁.၉% တင်သွင်းမှု တက်လာကြောင်း ဖော်ပြထားပါသည်။ ဗိသုကာ၊ အင်ဂျင်နီယာ၊ သိပ္ပံနှင့်အခြားနည်းပညာ ဝန်ဆောင်မှုအသားတင်ဝန်ဆောင်မှုတင်ပို့မှုသည် ဟောင်ကောင်ဒေါ်လာဖြင့် ၁၂၂၂ သန်းရှိပါသည်။

### ဆောင်ရွက်ပေးသည့် လုပ်ငန်းများ

ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်ရသည့် အင်ဂျင်နီယာများ၏လုပ်ငန်းမှာ civil, structural, building, electrical and mechanical တို့ဖြစ်ပါသည်။ အင်ဂျင်နီယာလုပ်ငန်းအများဆုံးသုံးသည့် ကဏ္ဍမှာသယ်ယူပို့ဆောင်ရေး၊ ဒုတိယမှာလူနေအိမ်ယာတည်ဆောက်ရေးနှင့် စီးပွားရေးဆိုင်ရာအဆောက်

အဦးများ တည်ဆောက်ရေးတို့ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါကဏ္ဍများတွင် အမြဲမပြတ် တိုးတက်မှုများ ရှိနေပါသည်။ အဓိကလုပ်ကိုင်ရသည့် ဝန်ဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- Electronic engineering services
- Electronics circuit and other technical design services
- Electrical engineering services
- Mechanical engineering services
- Chemical engineering services
- Industrial research laboratory services
- Industrial technical consultant services
- Marine engineering services
- Computer hardware consultancy
- Other commercial research and development and testing services

၂၀၁၄ခုနှစ် မေလစာရင်းအရ အင်ဂျင်နီယာဘာသာရပ်အလိုက် မြို့ပြအင်ဂျင်နီယာ ၈၃၈၇ ဦး၊ Structural အင်ဂျင်နီယာဦးရေ ၆၂၈၉ဦး၊ အဆောက်အဦးဆိုင်ရာ ဝန်ဆောင်မှုများ ၅၆၄၆ ခု၊ လျှပ်စစ်အင်ဂျင်နီယာ ဦးရေသည် ၃၅၉၅ဦး၊ အီလက်ထရောနစ်ပင်ဂျင်နီယာဦးရေ ၁၆၀၃ဦးနှင့် စက်မှု၊ ရေကြောင်း၊ ဗိသုကာ၊ ဓာတု အင်ဂျင်နီယာပေါင်း ၃၅၃၅ ဦးရှိခဲ့ကြောင်း သိရပါသည်။ ၁၉၉၉ခုနှစ်တွင် အစိုးရမှ ခန့်အပ်မှုအတွက် HKIE လက်မှတ်လိုအပ်ပါသည်။ ယခုအခါ လက်မှတ်ရ ပညာရှင်များ ၁၀၀၀၀ကျော်ရှိလာပါသည်။

**<u>ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်း</u>**

တင်ပို့သည့် ဝန်ဆောင်မှု လုပ်ငန်းအများစုသည်အာရှမှ ဖြစ်ပြီး တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပါသည်။ ဟောင်ကောင်၏ရင်းနှီးမြုပ်နှံမှုအများဆုံးမှာထုတ်လုပ်ရေး၊အိမ်ယာတည်ဆောက်မှု၊ဟိုတယ်တည်ဆောက်မှု၊ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။ တင်ပို့သည်လုပ်ငန်းများထဲတွင် အင်ဂျင်နီယာလုပ်ငန်းအကြံပေးဝန်ဆောင်မှု၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်းဝန်ဆောင်မှုနှင့် စီမံချက်များကို စီမံခန့်ခွဲမှုတို့ ဖြစ်ကြပါသည်။

**<u>ဆောက်လုပ်ရေးနှင့် မဆိုင်သည့်လုပ်ငန်း</u>**

ဟောင်ကောင်အင်ဂျင်နီယာကုမ္ပဏီများသည် ၎င်းတို့၏ အင်ဂျင်နီယာလုပ်ငန်း ဝန်ဆောင်မှုများကို တင်ပို့ရာတွင်အပြည်ပြည်ဆိုင်ရာကုမ္ပဏီများတွင်အလုပ်လုပ်ပေးခြင်းအားဖြင့်အရှေ့တောင်အာရှ၊မြောက်အမေရိကနှင့် အနောက်ဥရောပတို့သို့ သွယ်ဝိုက်၍ တင်ပို့ပါသည်။ တင်ပို့သည့်ဝန်ဆောင်မှုလုပ်ငန်းများမှာ သတင်းနှင့် နည်းပညာလုပ်ငန်း၊ အဝေးဆက်သွယ်ရေးလုပ်ငန်း၊ ဓာတုပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ လုပ်ငန်းတို့ဖြစ်ပါသည်။ အင်ဂျင်နီယာလုပ်ငန်း ဝန်ဆောင်မှု အများဆုံးတင်ပို့သည့် နေရာသည် တရုတ်နိုင်ငံ ဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများနှင့် အင်ဂျင်နီယာလုပ်ငန်း ဝန်ဆောင်မှုများကို အလွန်လိုအပ်လျက်ရှိပါသည်။ ဂျပန်၊ အမေရိကန်၊ ဂျာမဏီနှင့် အခြားဥရောပ နိုင်ငံများ

သည် တရုတ်နိုင်ငံ၏ အီလက်ထရောနစ်၊ လျှပ်စစ်နှင့်စက်မှု၊ သတင်းအချက်အလက်စနစ်များ၊ ဇီဝ-ဓာတု၊ စက်ရုံနှင့်အဝေးဆက်သွယ်ရေးလုပ်ငန်းများတို့တွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီးတိုင်ဝမ်၊တောင်ကိုးရီးယားတို့မှတရုတ်နိုင်ငံ၏ ဈေးကွက်ကြီးကြီးရရှိရေး ကြိုးစားနေကြပါသည်။ ဒေသတွင်း နည်းပညာစင်တာဖြစ်သည့် စင်္ကာပူသည်လည်း တရုတ်နိုင်ငံ၏ဈေးကွက် အခွင့်အလမ်းများကိုရရှိရေး တက်ကြွစွာဆောင်ရွက်နေပါသည်။ ဈေးကွက်ရရှိမှုအကြိတ်အနယ်ဖြစ်နေသည့်အချိန်တွင် ဟောင်ကောင်၏ အလွန်အမင်း ရင်းနှီးမြုပ်နှံမှုများကြောင့် ပြည်တွင်းရှိ ဟောင်ကောင်အင်ဂျင်နီယာများ အကျိုးခံစားနေရပါသည်။

## <u>လုပ်ငန်းအလားအလာများ</u>

### <u>အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံခြင်း(Investment in local public infrastructure)</u>

ဟောင်ကောင်သည် ၂၀၀၇ ခုနှစ်၌ အခြေခံအဆောက်အဦ ၁၀ ခုကို တည်ဆောက်ရန် ကြေငြာခဲ့ပြီး ၎င်းစီမံချက်များကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သမိုင်းဝင်အဆောက်အဦးများ ပြန်လည်မွမ်းမံသည့် လုပ်ငန်းများကို လည်း အစိုးရမှ ဆောင်ရွက်လျက်ရှိသဖြင့် အခွင့်အလမ်းများစွာရှိနေပါသည်။ အများပြည်သူနှင့် ဆိုင်သည့် အခြေခံအဆောက်အဦများအတွက် အစိုးရမှ ၂၀၁၄ -၁၅ ဘဏ္ဍာရေးနှစ်တွင် အသုံးစရိတ် ဟောင်ကောင်ဒေါ်လာ ၇၀.၈ ဘီလီယံ သတ်မှတ်သုံးစွဲခဲ့ကြောင်း သိရပါသည်။

### <u>တရုတ်နိုင်ငံတွင် အိမ် ခြံ မြေ နှင့် ဆောက်လုပ်ရေးဈေးကွက် China's real estate development and construction market</u>

တရုတ်နိုင်ငံသည်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကိုစီးပွားရေးတိုးတက်လာသည်နှင့်အမျှ ဆောင်ရွက်လာသဖြင့်နိုင်ငံခြားမှရင်းနှီးမြုပ်နှံမှုများအလွန်လိုအပ်နေပါသည်။ဟောင်ကောင်မှအိမ်ယာဆောက်လုပ်ရေးကုမ္ပဏီများသည် ၎င်းတို့၏အရည်အသွေးထိန်းချုပ်မှု၊ ကုန်ကျစရိတ်များကို ထိန်းချုပ်နိုင်မှု၊ စီမံချက် စီမံခန့်ခွဲမှု၊ ငွေကြေးတတ်နိုင်မှုတို့ကြောင့် တရုတ်နိုင်ငံအိမ်ယာဈေးကွက်တွင် ထိပ်မှပြေးနေပါသည်။ အိမ်ယာလုပ်ငန်းများနှင့်ဆက်စပ်ပြီး ဟောင်ကောင် လျှပ်စစ်နှင့် စက်မှု အင်ဂျင်နီယာလုပ်ငန်းဝန်ဆောင်မှု များလည်း ကုန်ကျစရိတ်အလယ်အလတ်ရှိသည့်အိမ်ယာအစီအစဥ်များတွင် ပါဝင်နိုင်ကာ တရုတ်နိုင်ငံရှိလုပ်ငန်းတူမိတ်ဖက်များနှင့် တွဲ၍ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိပါသည်။ HKIE နှင့် China Association for Science and Technology (CAST) ၊ Beijing Association for Science and Technology (BAST) တို့ လုပ်ငန်း ၆မျိုး တရုတ်နိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု ပြုလုပ်ထားကြောင်း သိရပါသည်။

### <u>အာရှတိုက်တွင်း အခြေခံအဆောက်အဦစီမံချက်များနှင့် အိမ်ယာ တည်ဆောက်မှုများ Infrastructure projects and property developments in Asia</u>

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြန်လာသည့် အိန္ဒိယနှင့် အင်ဒိုနီးရှားကဲ့သို့ အခြေခံအဆောက်အဦများမြှင့်တင်မည့်နိုင်ငံများတွင် လျှပ်စစ်ထုတ်လုပ်မှု၊ လမ်း၊ ရထားလမ်းများ၊ ဆိပ်ကမ်းများ၊ အိမ်ယာများ၊ မြို့ပြစီမံကိန်းများတွင်အခွင့်အလမ်းများရှိပါသည်။ နိုင်ငံခြားကုမ္ပဏီများအားရင်းနှီးမြှုပ်နှံမှု(သို့)စီမံခန့် ခွဲမှုများ၌ ပါဝင်ဆောင်ရွက်ရက်ရန်ခွင့်ပြုထားသဖြင့် အခွင့်အလမ်းများရှိပါသည်။ အခြေခံအဆောက်အဦများအပြင် လက်လီနှင့်စီးပွားရေးဆိုင်ရာ အဆောက်အဦများ တည်ဆောက်သည့်လုပ်ငန်း အခွင့်အလမ်းများလည်း ရှိသေးကြောင်းသိရပါသည်။

**တရုတ်နိုင်ငံရှိ အခြေခံ အဆောက်အဦ စီမံချက်များ infrastructure projects in China**

တရုတ်နိုင်ငံသည် မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀ ခုနှစ်တွင် ၆၀% တိုးမြှင့်ဆောက်လုပ်မည်ဖြစ်သောကြောင့် ဟောင်ကောင်ကုမ္ပဏီဗိသုကာများအတွက် CEPA သဘောတူညီချက်အောက်တွင် လုပ်ကိုင်ဆောင်ရွက်ရန် အခွင့်အလမ်းရှိနေပါသည်။ တရုတ်နိုင်ငံ၏ ၁၂ ကြိမ်မြောက် ၅နှစ် စီမံကိန်းကြောင့် ရထားလမ်းများ၊ လေဆိပ်အသစ်များ၊ တန်ဘိုးနည်းအိမ်ယာများ၊ စွမ်းအင် ထုတ်လုပ်မှုများ၊ ဓါတ်အားလိုင်း အခြေခံအဆောက်အဦအတွက် ရင်းနှီးမြုပ်နှံမှု အခွင့်အလမ်းများ ရှိခဲ့ပါသည်။ အင်ဂျင်နီယာများအတွက် အခွင့်အလမ်းများစွာရှိနေသဖြင့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မိမိပိုင်(သို့)ပြည်တွင်းလုပ်ငန်းများနှင့် ဖက်စပ်၍ ဆောင်ရွက်နိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးတည်သည့် အဆောက်အဦးဆောက်လုပ်ခြင်း**

ဟောင်ကောင်သည် မြို့သစ်များ တည်ဆောက်ရာတွင် ပတ်ဝန်းကျင် စဉ်ဆက်မပြတ်ထိန်းသိမ်းရေးမူဝါဒကို Hong Kong's Urban Renewal Authority မှ ချမှတ်ထားပြီး Hong Kong Building Environmental Assessment Method (BEAM) ထောက်ခံချက် လက်မှတ်ဖြင့် တည်ဆောက်ရန်ဖြစ်ပါသည်။ BEAM အဖွဲ့၏ ၂၀၁၃ ခုနှစ် အောက်တိုဘာလ စာရင်းအရ စတုရန်းပေ ၁၄၀ သန်းပေါ်တွင် တည်ဆောက်ခဲ့သည့် လူနေအိမ်ခန်း ၅၀,၀၀၀ သည် BEAM ထောက်ခံချက်လက်မှတ် (BEAM green building certification) ဖြင့်တည်ဆောက်ကြောင်း ဖော်ပြထားပါသည်။ အခြားဒေသများရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးတည်ချက်ဖြင့် တည်ဆောက်သည့် အဆောက်အဦးများကိုလည်း ဟောင်ကောင်ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရပါသည်။

(ခင်ဆွေလတ်)

(စီးပွားရေးသံမှူး၊ဟောင်ကောင်)